**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တို့အကြား**
**သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ**
**သဘောတူစာချုပ်**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ (ဤမှနောင်တွင် စာချုပ်ဝင်နိုင်ငံဟု ရည်ညွှန်းမည်)တို့သည် နှစ်နိုင်ငံဆက်ဆံရေး၊ ချစ်ကြည်ရေးတိုးမြှင့်စေရေးနှင့် နှစ်နိုင်ငံ၏ နိုင်ငံသားများအား ခရီးသွားလာရေး လွယ်ကူ ချောမွေ့စေရန် ဆန္ဒရှိသည်ဖြစ်၍လည်းကောင်း၊ နှစ်နိုင်ငံ ပြည်သူများ အပြန်အလှန် ခရီးသွားရာတွင် လွယ်ကူစေရန် ဆန္ဒရှိသည်ဖြစ်၍လည်းကောင်း အောက်ပါ အတိုင်း သဘောတူညီ ကြသည်-

**အပိုဒ်(၁)**

စာချုပ်ဝင် တစ်ဖက်စီနိုင်ငံသားများ၏ သာမန်နိုင်ငံကူးလက်မှတ် အနည်းဆုံး သက်တမ်း (၆)လ ရှိသော နိုင်ငံကူးလက်မှတ်များဖြင့် ခရီးသွားရာတွင် တစ်ဖက်စာချုပ်ဝင် နိုင်ငံသို့ ဝင်ခွင့် (သို့မဟုတ်) ထွက်ခွင့်နှင့် နယ်မြေအတွင်း ဖြတ်သန်း သွားလာခွင့်တို့နှင့် ပတ်သက်၍ ဗီဇာကင်း လွတ်ခွင့်ပြုမည်ဖြစ်ပါသည်။

**အပိုဒ်(၂)**

သဘောတူညီချက် စာချုပ်အပိုဒ်တစ်အရ ဗီဇာကင်းလွတ်ခွင့်နှင့် နေထိုင်ခွင့်ကို စတင် ဝင်ရောက်သည့်နေ့မှ (၁၄)ရက် ထက်မပိုသော ကာလအထိခွင့်ပြုကြောင်း၊ တစ်စုံ တစ်ခုသော အခက်အခဲကြောင့် နေထိုင်ခွင့်ကို တိုးမြှင့်လိုပါက တစ်ဖက်စာချုပ်ဝင်နိုင်ငံ၏ အခွင့်အာဏာပိုင်များထံ လျှောက်ထားရမည်ဖြစ်ပါသည်။

**အပိုဒ်(၃)**

တစ်ဖက်နိုင်ငံသားတို့သည် စာချုပ်ဝင်တစ်ဖက်နိုင်ငံ၏အတွင်း နေထိုင်စဥ်ကာလ၌ ထိုနိုင်ငံ၏ ဥပဒေနှင့်စည်းမျဥ်းများကိုလိုက်နာရမည်ဖြစ်ပါသည်။

**အပိုဒ်(၄)**

စာချုပ်ဝင်တစ်ဖက်ဖက်၏ နိုင်ငံသားများသည် သာမန်နိုင်ငံကူးလက်မှတ်ဖြင့် ခရီးသွားလာရာတွင် တစ်ဖက်နိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ (သို့မဟုတ်) ဒေသတွင်း နယ်ခြားဖြတ်ကျော်သည့် နေရာများမှ သွားလာခွင့် ရှိရမည်ဖြစ်ပါသည်။

## အပိုဒ်(၅)

စာချုပ်အားလက်မှတ်ရေးထိုးပြီး ရက်ပေါင်း(၃၀)အတွင်း သံတမန်လမ်းကြောင်းက တစ်ဆင့် အသုံးပြုလျက်ရှိသည့် သာမန်နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားလာခွင့် အထောက်အထား စာရွက်စာတမ်းများအား အပြန်အလှန်ပေးပို့ အကြောင်းကြားရပါမည်။ လက်ရှိ အသုံးပြုနေသော သာမန်နိုင်ငံကူးလက်မှတ်များအား ပြင်ဆင်ပြောင်းလဲခြင်း၊ အသစ်ပြုလုပ်ခြင်းများ ပြုလုပ်ပါက ဤစာချုပ် အာဏာအသက်မဝင်မီ ရက်ပေါင်း (၃၀) ကြိုတင်၍ သံတမန် လမ်းကြောင်းကတစ်ဆင့် စာဖြင့်ရေးသား၍ အပြန်အလှန် အကြောင်းကြားရမည်။

## အပိုဒ်(၆)

စာချုပ်ဝင်တစ်ဖက်စီ နိုင်ငံသားများသည် စာချုပ်ဝင်တစ်ဖက်နိုင်ငံ၌ ၎င်းတို့၏ သာမန် နိုင်ငံကူးလက်မှတ် ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းများဖြစ်ပါက မိမိနိုင်ငံ၏သံရုံးများ (သို့မဟုတ်) ကောင်စစ်ဝန်ချုပ်ရုံးများမှ တစ်ဆင့် သက်ဆိုင်ရာတစ်ဖက်နိုင်ငံ၏ အာဏာပိုင်များထံသို့ ချက်ခြင်းအကြောင်းကြားရမည်။ အဆိုပါပုဂ္ဂိုလ်အား မိမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရေးအတွက် ယင်းနိုင်ငံသံရုံး (သို့မဟုတ်) ကောင်စစ်ဝန်ချုပ် ရုံးများမှ နိုင်ငံကူးလက်မှတ်အသစ် (သို့မဟုတ်) ခရီးသွားလာခွင့်ထောက်ခံစာ ထုတ်ပေးရမည်ဖြစ်ပြီး တစ်ဖက်နိုင်ငံသို့ ပျက်စီး၊ ပျောက်ဆုံးသွားသည့် နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားလာခွင့် အထောက်အထား စာရွက်စာတမ်းများအား ပယ်ဖျက်ပေးရန်နှင့် အသစ်ထုတ် ပေးခဲ့ခြင်းအား အကြောင်းကြား ရပါမည်။

## အပိုဒ်(၇)

စာချုပ်ဝင် တစ်ဖက်ဖက်သည် သင့်လျော်သည်ဟုထင်မြင်လျှင် တစ်ဖက်စာချုပ်ဝင် နိုင်ငံသား၏ပြည်ဝင်ခွင့် ငြင်းပယ်ခြင်း(သို့မဟုတ်) နေထိုင်ခွင့်ကာလကို လျှော့ချခြင်းပြုနိုင်မည်ဖြစ်ပါသည်။

## အပိုဒ်(၈)

၁။ ဤစာချုပ်အား အဓိပ္ပါယ်ဖွင့်ဆိုခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ဆောင်ခြင်းတို့က တစ်ဆင့်ပေါ်ပေါက်လာသည့် မည်သည့် အငြင်းပွားမှုကိုမဆို စာချုပ်ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ညှိနှိုင်းတိုင်ပင်ခြင်း(သို့မဟုတ်)စေ့စပ်ဆွေးနွေးခြင်းဖြင့် ဖြေရှင်းရမည်။

၂။ ဤစာချုပ်အား ပြန်လည်ပြင်ဆင်ရန် လိုအပ်သည်ဟု ယူဆပါက စာချုပ်ဝင်နိုင်ငံအသီးသီး၏ နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် သံတမန်လမ်းကြောင်းက တစ်ဆင့် အကြောင်းကြားရမည်။

၃။ စာချုပ်ဝင်တစ်ဖက်မှ အခြားတစ်ဖက်အား သံတမန်လမ်းကြောင်းမှ စာရေးသားအကြောင်းကြားခြင်းဖြင့် စာချုပ်ကို ရပ်ဆိုင်းနိုင်ပြီး ယင်းသို့ အကြောင်းကြားသည့် အချိန်မှ (၃)လ အတွင်း စာချုပ်သည် ရပ်ဆိုင်းကာ အကျိုးသက် ရောက်မှုရှိမည်ဖြစ်ပါသည်။

## အပိုဒ်(၉)

၁။ စာချုပ်ဝင်နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ အမျိုးသားလုံခြုံရေး၊ ကာကွယ်ရေး၊ လူမှု ဘဝအဆင်ပြေစေရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အကြောင်းအချက်များအပေါ် အခြေပြု၍ ဤစာချုပ် (သို့မဟုတ်) စာချုပ်၏ တစ်စိတ်တစ်ပိုင်းအား အကောင်အထည် ဖော်ခြင်းမှ ခေတ္တရပ်ဆိုင်းလိုပါက ရပ်ဆိုင်းနိုင်သည်။

၂။ ခေတ္တရပ်ဆိုင်းခြင်း(သို့မဟုတ်) ရပ်ဆိုင်းခြင်းအတွက်ကြိုတင်၍ စာချုပ်ဝင်နိုင်ငံ၏ သံတမန်လမ်းကြောင်းကတစ်ဆင့် ချက်ခြင်းအကြောင်းကြားရမည်။

၃။ ဤစာချုပ်သည် သက်ဆိုင်ရာ နှစ်နိုင်ငံအစိုးရမှ အာဏာအပ်နှင်းထားသည့် ပုဂ္ဂိုလ် (၂)ဦး လက်မှတ်ရေးထိုးသည့် နေ့ရက်မှစတင်၍ ရက်ပေါင်း(၃၀)အကြာတွင် စတင် အကျိုးသက်ရောက်မှု ရှိစေရမည်။

၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ဗီယက်နမ်၊ မြန်မာ နှင့် အင်္ဂလိပ်ဘာသာ အသီးသီး တို့ဖြင့် မူရင်း သုံးစုံစီဖြင့် ပြုလုပ်ကြပြီး ယင်းစာမူအားလုံးသည် ညီတူညီမျှ အစစ်အမှန်ဖြစ်သည်။ အကယ်၍ အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းတွင် ကွဲလွဲမှုရှိပါက အင်္ဂလိပ်စာမူ ကသာ အတည် ဖြစ်စေရမည်။

သက်ဆိုင်ရာမိမိတို့နိုင်ငံ အစိုးရများမှ နည်းလမ်းတကျ အခွင့်အာဏာ အပ်နှင်းခြင်း ခံရသော အောက်ပါပုဂ္ဂိုလ်များသည် အသိသက်သေများ ရှေ့မှောက်တွင် ဤသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**
**အစိုးရအတွက်**

(ဖန်ဘင်မင်း)
ဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အစိုးရအတွက်**

(ဝဏ္ဏမောင်လွင်)
ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန